# ကြေးမုံ
**The Mirror**

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (31-8-2007) (၅၄၂၆)


## နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မလေးရှားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်    ဩဂုတ်    ၃၁

၂၀၀၇ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၀)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံဘုရင် တွမ်ကု မီဇန် ဇိုင်နယ်လ် အဘီဒင်၊ အစ်ဘနီ၊ အယ်လ်မာဟွန်း၊ စူလ်တန်၊ မာမွတ်၊ အယ်လ်မုတာဖီ၊ ဘီလားရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်    ဩဂုတ်    ၃၁

၂၀၀၇ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၀)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အဗ္ဗဒူလာဘင် ဟာဂျီအာမက်ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်လျက်ရှိသလို နှစ်နိုင်ငံတာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှုများ ဖြစ်ထွန်းနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်

သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်ခ်ဆာ

# နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ရေးရည်ရွယ် သီရိလင်္ကာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုအပါအဝင် ပြည်တွင်းရေးပြဿနာများ ဖြေရှင်းနေရသည်ကို ကိုယ်ချင်းစာ

ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော်    ဩဂုတ်    ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon.Mahinda Yapa Abeywardena နှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာဟရာဆီကာရာနှင့် ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ ရက်နံနက် ၉ နာရီခွဲတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့မှ ကန္ဒီမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ Central Province Chief Minister Hon. Tikiri Kobbekaduwa နှင့် ပြည်နယ်ဝန်ကြီး Hon. Sarath Ekanayake တို့က ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်ခ်ဆာအား ကန္ဒီမြို့ရှိ သမ္မတအိမ်တော် Temple Trees ၌ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၃၁-၈-၂၀၀၇
(သောကြာနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုလံဘိုမြို့ မြန်မာသံရုံးဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ကိုလံဘိုမြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားသည်။**



### ရှင်းလင်းတင်ပြ

ရှေးဦးစွာ သံအမတ်ကြီး ဦးတင်ဦးလွင်က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့၏ နောက်ခံသမိုင်းကြောင်းနှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာအခြေအနေများ၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ဆက်သွယ်ဆက်ဆံမှုအခြေအနေများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓစာပေ လေ့လာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

### မှာကြား

ထို့နောက် ခေတ္တဝန်ကြီးချုပ်က မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေးတိုးချဲ့ရေး၊ အပြန်အလှန် ဘုရားဖူးခရီးစဉ်များ အပါအဝင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လက်ဖက်၊ အုန်း အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေတို့ကိုမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို သံအမတ်ကြီးနှင့် သံမှူးကြီးတို့ထံ ပေးအပ်သည်။

(သတင်းစဉ်)

### လက်ဆောင်ပစ္စည်းများပေးအပ်

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုလံဘိုမြို့ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။**

(သတင်းစဉ်)

# မြန်မာနှင့်သီရိလင်္ကာ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာ၏ ဖိတ်ကြားချက်အရ ဩဂုတ်လ ၂၇ ရက်နေ့က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝပ်ခရမ်မာနာရာကာနှင့် ကိုလံဘိုမြို့ရှိ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ဘာသာစာပေလေ့လာရေးနှင့် ထောက်လှမ်းရေးသတင်း ပူးပေါင်းဖလှယ်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကိုလည်းလက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများရှိခဲ့ကြရာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးပြီး ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံများလည်းဖြစ်သည်။

ယင်းသို့ ချစ်ကြည်ရင်းနှီးမှုရှိကြသည့် အစဉ်အလာကောင်းများနှင့်အညီ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာနယ်ပယ်တို့၌ အပြန်အလှန် နားလည်ထောက်ခံမှုပြုနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းသစ်များကိုလည်း ရှာဖွေဖော်ထုတ် သွားနိုင်ကြမည်ဖြစ်သည်။

အထူးသဖြင့် ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ သစ်တော၊ သာသနာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများ ရရှိနေပြီဖြစ်သည်။

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်သီရိလင်္ကာနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေရုံသာမက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၌လည်း ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။



**မိုးကုတ်ဝိပဿနာ ဓမ္မာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော ဓမ္မာစရိယ ဓမ္မကထိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတ လင်္ကာရ ဆရာတော်ကြီး တည်ထောင်တော်မူသော အင်းတကော် ကြက်မောက်ကုန်း ဇနိတာရာမတောရ ဓမ္မရိပ်သာကြီး၏ ပဓာန နာယက ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ် ၁၁၀,၀၀၀ကို ဆေးတက္ကသိုလ်(၂)ရှေ့နေ အလှူရှင် ဦးကံဝင်း-ဒေါ်ခင်မာကြည် မိသားစုက သမီးလေး ရွှေပုဏ္ဏမီကံဝင်း၏ (၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်၌ ဇနိတာရာမ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# အီရန်နှင့်အိုင်အေအီးအေဆွေးနွေးမှု ပျက်ပြားစေရန် အမေရိကန်ကြိုးပမ်း

**တီဟီရန် ဩဂုတ် ၂၈**

မိမိတို့နိုင်ငံ၏ အဏုမြူအစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ဆွေးနွေးမှုပျက်ပြားသွားစေရန် အမေရိကန်နိုင်ငံက ကြိုးပမ်းနေကြောင်း အီရန်အစိုးရက အင်္ဂါနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

အီရန်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) တို့သည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက နှစ်ရက်ကြာဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့သည်။ ယင်းသဘောတူညီချက်သည် ထူးခြားသည့်သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း အိုင်အေအီးအေ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန်ကမူ ယင်းသဘောတူညီချက်သည် လက်တွေ့အားဖြင့် အကန့်အသတ်များရှိနေသည်ဟု ပြောကြားသည်။

အမေရိကန်ထံမှ အခြားတုံ့ပြန်မှုများ ရရှိစေရန် မျှော်လင့်၍မရကြောင်း၊ အီရန်နှင့် အိုင်အေအီးအေတို့၏ ဆွေးနွေးမှုသည် အောင်မြင်ပြီး အခြားနိုင်ငံများကလည်း ကြိုဆိုကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အလီဟော့ဆီနီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံတကာသတင်းများ

# အိန္ဒိယ လက်ကိုင်ဖုန်းဈေးကွက် ဒုတိယအကြီးဆုံးဖြစ်လာ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံ၏ လက်ကိုင်ဖုန်းဈေးကွက်သည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်ကြောင်း နိုကီယာဖုန်းကုမ္ပဏီက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း၌ အိန္ဒိယနိုင်ငံသည် ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ထက် လက်ကိုင်ဖုန်းနှင့် အွန်လိုင်းစီးပွားရေးလုပ်ငန်းများ အသုံးပြုမှု ပို၍များပြားသည်။ အိန္ဒိယနိုင်ငံ၌ ဇူလိုင်အတွင်း မိုဘိုင်းဖုန်းအသုံးပြုသူ ၁၁၈ သန်းရှိသည်။ ၂၀၀၄ ခုနှစ်၌ နိုကီယာဖုန်းကုမ္ပဏီအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း အလုပ်သမား ၄၅၀ခန့်ရှိရာ ယခုအခါတွင် အလုပ်သမား ၈၀၀၀ကျော် လုပ်ကိုင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်တွင် နိုကီယာဖုန်းစက်ရုံမှ ၁၈လအတွင်း မိုဘိုင်းဖုန်းအလုံးပေါင်း သန်း ၆၀ ထုတ်လုပ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်နိုင်ငံတွင် လေထုသန့်စင်ရေး ကြိုးပမ်းမှု အိုင်အိုစီ ထောက်ခံ

**ပေကျင်း ဩဂုတ် ၂၉**

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲတော်အတွက် လေထုသန့်စင်မှုရှိရေး တရုတ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတကာ အိုလံပစ်ကော်မတီ(အိုင်အိုစီ)က ထောက်ခံကြောင်း ဩဂုတ် ၂၉ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးရည်မှန်းချက်ကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု မိမိယုံကြည်ကြောင်း အိုင်အိုစီဥက္ကဋ္ဌ ဂျက်ရို့ဂ်က ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပသော နိုင်ငံတကာ ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်၏ အစည်းအဝေးအပြီးကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အိုဆာကာ၌ ဩဂုတ် ၂၅ရက်တွင် (၁၁)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ် တံခွန်စိုက်ဖလား အားကစားပြိုင်ပွဲမဖွင့်လှစ်မီ ယင်းသို့ပြောကြားခြင်းဖြစ်သည်။ အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသည် လေထုသန့်စင်မှု ရှိရန်နှင့် ယာဉ်အသွားအလာ လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့တော်ပေကျင်း၌ ဩဂုတ် ၁၇ ရက်မှ ၂၀ရက်အထိ လေထုသန့်စင်ရေး စီမံချက်တစ်ရပ်ကို စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ***အင်တာနက်။***

# စာရင်းစစ်ချုပ်အခေါ်အဝေါ်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဟု ခေါ်ဝေါ်သုံးစွဲရမည်

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်

ရန်ကုန် ဩဂုတ် ၃၀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာ ဖတ်ကြားတင်ပြသည့် 'အုပ်ချုပ်ရေးအခန်း' တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ရုံးတို့နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်-**

### ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်

၁၂။ စာရင်းစစ်ချုပ် အခေါ်အဝေါ်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဟု ခေါ်ဝေါ်သုံးစွဲရမည်။

၁၃။ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး-

(က) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အရအသုံး စာရင်းများကို စစ်ဆေး၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်-

(၁) အသက် ၄၅ နှစ်ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ်အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၂၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဂဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းပညာရှင် သို့မဟုတ် စာရင်းအင်းပညာရှင် သို့မဟုတ် စီးပွားရေး ပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ၊

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သစ္စာရှိသူ၊

(ခ) ပြည်ထောင်စု စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြသနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

(ဂ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

၁၄။ ပြည်ထောင်စု စာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းပြီး-

(က) ပြည်ထောင်စု စာရင်းစစ်ချုပ်အား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စု စာရင်းစစ်ချုပ်အပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) သို့ရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်အပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့်လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု စာရင်းစစ်ချုပ်အား တာဝန်မှ ရပ်စဲရမည်၊

(ဃ) စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း စုံစမ်းစစ်ဆေးသည့်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

၁၅။ ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းပြီး-

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု စာရင်းစစ်ချုပ်အား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘော ဆန္ဒအလျောက် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်-

(၁) အသက် ၄၀နှစ် ပြည့်ပြီးသူ၊

(၂) အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ်အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၁၅နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဂဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းပညာရှင် သို့မဟုတ် စာရင်းအင်းပညာရှင် သို့မဟုတ် စီးပွားရေး ပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ၊

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ဒုတိယစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်။



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာ ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

၁၆။ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယ စာရင်းစစ်ချုပ်တို့၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခွင့်၊ တာဝန်မှ ရပ်စဲခွင့်၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နှင့် စပ်လျဉ်းပြီး-

(က) ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်၊

(ခ) ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်၊ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်၊

(ဃ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ် ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ် ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အသစ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အသစ်အား ခန့်အပ်တာဝန် ပေးနိုင်သည်၊ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(င) ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်သည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(စ) ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

(ဆ) ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ၊

(ဇ) (၁) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့အား ခန့်အပ်တာဝန်ပေးသည့် နိုင်ငံတော်သမ္မတသည် ရာထူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက်သွားသောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ နိုင်ငံတော်သမ္မတရာထူး လစ်လပ်ပါက အစားထိုးရွေးချယ် တင်မြှောက်လိုက်သည့် နိုင်ငံတော်သမ္မတအသစ်သည် ယင်းတို့အား ဆက်လက်တာဝန်ပေးနိုင်သည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ် အသစ်နှင့် ဒုတိယ စာရင်းစစ်ချုပ်အသစ်များကို ခန့်အပ်တာဝန်ပေးနိုင်သည်၊ ယင်းသို့ ခန့်အပ်တာဝန်ပေးမည် ဆိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်အသစ်နှင့် ဒုတိယ စာရင်းစစ်ချုပ်အသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့အား ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်စေနိုင်သည်၊

(၂) အစားထိုးခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်အသစ်နှင့် ဒုတိယ စာရင်းစစ်ချုပ်အသစ်တို့၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတအသစ်၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်ရမည်၊

(ဈ) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယ စာရင်းစစ်ချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်၊ ဒုတိယ စာရင်းစစ်ချုပ်ကို ဒုတိယဝန်ကြီးအဆင့် သတ်မှတ်သည်။

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း

၁၈။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး-

(က) နိုင်ငံတော်သမ္မတသည် နိုင်ငံ့ဝန်ထမ်း ရွေးချယ်ရေး၊ လေ့ကျင့်ရေး တာဝန်နှင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေး တာဝန်များ ထမ်းဆောင်နိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းရမည်၊

(ခ) နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်-

(၁) အသက် ၅၀ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) အတွေ့အကြုံရင့်ကျက်သော အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်သူ၊

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(၅) နိုင်ငံရေးပါတီဝင် မဟုတ်သူ၊

(၆) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ၊

(ဂ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ အဖွဲ့ဝင်များသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ယင်းမှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်

☆ စာမျက်နှာ ၃ မှ

(ဃ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်၊

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းတို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအား ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြီးအကဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၏ အခေါ်အဝေါ်နှင့်စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြီးအကဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် (Chief Minister of the Region or State)ဟု ခေါ်ဝေါ်ရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး (Minister of the Region or State)ဟု ခေါ်ဝေါ်ရမည်။

၂၁။ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်းများနှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်တိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးဖွဲ့စည်းထားရှိသည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊

(ဂ) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်၊ ထို့ပြင် သတ်မှတ်ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်၊ ထို့ပြင် သတ်မှတ်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း ပြုနိုင်သည်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(၁) အသက် ၃၅ နှစ်ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်၊

(၂) ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက် ရယူရမည်၊

(စ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ၊

(ဇ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊

(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ထံမှ ယင်းတို့၏ ဥက္ကဋ္ဌ အမည်စာရင်းကို ရယူရမည်၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံမှ ရယူရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့်ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ပုဂ္ဂိုလ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌများ၏ အမည်စာရင်းနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းပါပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော် သမ္မတထံ တင်ပြရမည်၊

(စ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်၊ ထိုသို့ခန့်အပ်တာဝန်ပေးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး တစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သက်ဆိုင်ရာ ဝန်ကြီးချုပ်နှင့် ညှိနှိုင်းလျက် သတ်မှတ်ပေးရမည်၊

(ဆ) နိုင်ငံတော်သမ္မတသည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌများအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သည့် တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်၊

(ဇ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်၊

(ဈ) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ ဝန်ကြီးများအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအားလည်းကောင်း အခြားဝန်ကြီးဌာန တာဝန်များကိုလည်း ပူးတွဲတာဝန် ပေးအပ်နိုင်သည်၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သားများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်၊

(ဋ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်း အကြောင်းကြားရမည်၊

(ဌ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်၊

(ဍ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအပေါ် ဖော်ပြပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံးလေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးစေရမည်၊ စုံစမ်းစစ်ဆေးရမည့် လုပ်ငန်းပမာဏကို ထောက်ရှု၍ စုံစမ်းစစ်ဆေးမှု ပြီးစီးရမည့် ကာလကိုလည်း သတ်မှတ်ပေးရမည်၊

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ချေပခွင့်ပေးရမည်၊

(င) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြလာလျှင် လွှတ်တော်ဥက္ကဋ္ဌသည် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနည်းဆုံးသုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်၊

စာမျက်နှာ ၅ ကော်လံ ၁သို့ ☆

★ စာမျက်နှာ ၄ မှ

(၂) နိုင်ငံတော်သမ္မတသည် တင်ပြချက်ရရှိလျှင် စွပ်စွဲပြစ်တင်ခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ ရပ်စဲရမည်၊

(၃) စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်လျှင် ထိုသို့ ဆုံးဖြတ်ကြောင်းကို လွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦး နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခန့်ထားခြင်း စသည်တို့နှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်၊

(ခ) နိုင်ငံတော်သမ္မတသည်–

(၁) လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်၊ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်၊

(၂) ရာထူးမှ နုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှ ရပ်စဲခံရမည့် တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် ပတ်သက်လျှင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်၊ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်၊

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့၏ အဆင့် သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ဒုတိယဝန်ကြီးအဆင့် သတ်မှတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး**

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဌာန အကြီးအကဲနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဌာန အကြီးအကဲသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ရုံးလည်းဖြစ်သည်။ ။

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေချုပ်အခေါ်အဝေါ်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟု ခေါ်ဝေါ်ရမည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်သည်

ရန်ကုန် ဩဂုတ် ၃၀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ဖတ်ကြားတင်ပြသည့် 'အုပ်ချုပ်ရေးအခန်း'တွင်ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံးနှင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အုပ်ချုပ်ရေးတို့နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်**

၂၇။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရှေ့နေချုပ် အခေါ်အဝေါ်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟု ခေါ်ဝေါ်ရမည်။

၂၈။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များ ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြသဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်–

(၁) အသက် ၄၀ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်း ရာထူးတွင် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်း ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(ခခ) တရားလွှတ်တော်ရှေ့နေ(Advocate) ဖြစ်လျှင် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ၊

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(ခ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် တာဝန်ပေးအပ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့်ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဖြစ်သည်၊



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အား စွပ်စွဲပြစ်တင်ရန်ကိစ္စ ပေါ်ပေါက်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဇ) ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင်ဖြည့်စွက်ခန့်ထားခြင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများအတွက် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့်လည်း သက်ဆိုင်စေရမည်၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အခါ မှီငြမ်း ပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏အဆင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့် သတ်မှတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်**

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ် အခေါ်အဝေါ်နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ဟု ခေါ်ဝေါ်ရမည်။

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ငွေစာရင်းများကို စစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူ တစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြသဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်–

(၁) အသက် ၄၀ နှစ်ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ် အရာရှိထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့် စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် အနည်းဆုံး ၁၀နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၁၅နှစ် ဆောင်ရွက်ခဲ့သူ၊

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(ခ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးအပ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့်ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်။

စာမျက်နှာ၆ ကော်လံ၁ သို့ ▶

▶ စာမျက်နှာ ၅ မှ

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ရန် ကိစ္စပေါ်ပေါက်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဆ) ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများအတွက် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်နှင့်လည်း သက်ဆိုင်စေရမည်၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အခါမှိုငြိမ်းပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏အဆင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့် သတ်မှတ်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**

၃၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးအဖွဲ့ အခေါ်အဝေါ်နှင့် စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးအဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဟု ခေါ်ဝေါ်သုံးနှုန်းသည်။

၃၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်ကြသည့် အားလျော်စွာ အဆင့်အတန်းတူညီကြသည်၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ အသီးသီးဖွဲ့စည်းထားရှိသည်၊ ယင်းဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ဦးပါဝင်စေရမည်၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(၂) လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာ တာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များ၊

(၃) အပိုဒ်ခွဲ(၁)နှင့်(၂)ပါ ပုဂ္ဂိုလ်များက ရွေးချယ်ဖြည့်စွက်ခန့်ထားသည့် ကိုယ်စားလှယ်များ၊

(င) အထက်အပိုဒ်(ဃ)အပိုဒ်ခွဲ(၁)နှင့် (၂)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များသည် မိမိတို့အချင်းချင်းညှိနှိုင်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနက် သင့်လျော်သူတစ်ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်၊ ထိုသို့ ရွေးချယ်သည့်ပုဂ္ဂိုလ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြရမည်၊

(စ) နိုင်ငံတော်သမ္မတသည် အမည်စာရင်း တင်သွင်းလာသည့် ပုဂ္ဂိုလ်အား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဖြစ်သည်၊ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့်စပ်လျဉ်းပြီးခန့်ထားသည့် နည်းလမ်းမှ အပ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်၊

(ဇ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များသည်–

(၁) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သောလူဦးရေဖြစ်သည့် လူဦးရေ အနည်းဆုံး ၁၀၀၀၀ နှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားရမည်၊ ယင်းသို့ ရွေးချယ်ခန့်ထားခြင်းခံရသော ဦးစီးအဖွဲ့ဝင်သည်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ဦး မပြည့်သေးပါက အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ဦး ပြည့်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်သူများထဲမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များအား မိမိတို့သဘောဆန္ဒအလျောက် ရွေးချယ်ခန့်ထားရမည်၊

(ဈ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့တွင် ဦးစီးအဖွဲ့ဝင် စုစုပေါင်း၏ လေးပုံတစ်ပုံ ဖြစ်သည့် ဦးစီးအဖွဲ့ဝင်ဦးရေကို တပ်မတော်သားများဖြင့် လိုအပ်သလို ဖြည့်စွက်တာဝန်ပေးနိုင်သည်၊

(ည) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများနှင့် ပြည့်စုံရမည်၊

(ဋ) (၁) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ အမည်စာရင်းကို ကြေညာရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ဝင်များသည် ယင်းတို့၏ ဥက္ကဋ္ဌအား တာဝန်ခံရမည်၊

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့နှင့် ပတ်သက်၍ ရာထူးသက်တမ်းသတ်မှတ်ခြင်း၊ အရေးယူခြင်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်ရာထူး နေရာများတွင် ဖြည့်စွက်ခန့်ထားခြင်းတို့အတွက် ဥပဒေပြဋ္ဌာန်း သတ်မှတ်ပေးရမည်၊

(ဌ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်၊

**ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ရုံး**

(ဍ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဌာန အကြီးအကဲသည် ရာထူးအလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်၊ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဌာနသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံးလည်းဖြစ်သည်၊

**ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော် အုပ်ချုပ်ရေး**

၃၅။ ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာသက်ရောက်သည့်နေ့၌ တည်ရှိနေသော နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအားလုံး ပါဝင်သည်၊

(ခ) နိုင်ငံတော်သမ္မတသည်ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော် အတွင်းရှိ ခရိုင်နှင့် မြို့နယ်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည်–

(၁) နေပြည်တော်ကောင်စီ (Nay Pyi Taw Council) တစ်ရပ်ကို ဖွဲ့စည်းထားရှိရမည်၊

(၂) သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကို နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်၊

(၃) ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရေးအတွက် ကောင်စီဝင် သို့မဟုတ် ကောင်စီဝင်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင့်လျော်သောတပ်မတော်သား သို့မဟုတ် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရမည်၊

(၄) နေပြည်တော်ကောင်စီတွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ဦးရေကို ဥပဒေနှင့်အညီ လိုအပ်သလို သတ်မှတ်နိုင်သည်၊

(ဃ) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(၁) အသက် ၃၅နှစ်ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) နိုင်ငံတော်သမ္မတက သတ်မှတ်သော အခြားအရည်အချင်းများနှင့်လည်း ပြည့်စုံသူ၊

(င) နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ကောင်စီဝင်များသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း တာဝန်ခံရမည်၊

(စ) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခွင့်၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်းတို့နှင့် စပ်လျဉ်းပြီး–

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့်နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်၊

(၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်၊

(၃) နိုင်ငံတော်သမ္မတသည်–

(ကက) ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်၊ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်၊

(ခခ) ရာထူးမှနုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှ ရပ်စဲခံရမည့် တပ်မတော်သား နေပြည်တော် ကောင်စီဝင်နှင့် ပတ်သက်လျှင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(၄) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော် ကောင်စီဥက္ကဋ္ဌအသစ် သို့မဟုတ် ကောင်စီဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်၊ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေပြည်တော် ကောင်စီဥက္ကဋ္ဌအသစ် သို့မဟုတ် ကောင်စီဝင်အသစ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(ဆ) နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင် တစ်ဦးဦးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဇ) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး သို့မဟုတ် နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဈ) နေပြည်တော်၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တပ်မတော်သား နေပြည်တော်ကောင်စီဝင် သို့မဟုတ် ကောင်စီဝင်များသည် တပ်မတော်မှ နုတ်ထွက်ရန် သို့မဟုတ် အငြိမ်းစားယူရန် မလို၊

(ည) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ၊

(ဋ) နေပြည်တော်ကောင်စီဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်၊

(ဌ) နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဌာန အကြီးအကဲသည် ရာထူးအလျောက် နေပြည်တော် ကောင်စီအတွင်းရေးမှူးဖြစ်သည်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဌာနသည် နေပြည်တော် ကောင်စီရုံးဖြစ်သည်။

၃၆။ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသည့်အခါ မှိုငြိမ်းပြုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်သည်။

၃၇။ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီးခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်။

၃၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့် အညီ ခန့်အပ် တာဝန်ပေးဆောင်ရွက်စေရမည်။ ။





## တည်ခင်းဧည့်ခံ

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်ဆာနှင့် ဇနီးတို့က ကန္ဒီမြို့ရှိ သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့အား သီရိလင်္ကာသမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်ဆာနှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံ

နေပြည်တော်  ဩဂုတ်  ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်ဆာနှင့် ဇနီးတို့က ဩဂုတ် ၂၈ရက် မွန်းလွဲ ၂နာရီတွင် ကန္ဒီမြို့ရှိ သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လုပ်ငန်းရှင်များတက်ရောက်ကြပြီး သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပက်ခ်ဆာနှင့် ဇနီးတို့နှင့်အတူ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီး၊ Environment and Natural Resources ဝန်ကြီး၊ သာသနာရေးဝန်ကြီး၊ Agriculture Development and Agrarian Services ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ထို့နောက် ဂုဏ်ပြုနေ့လယ်စာကို အတူသုံးဆောင်ကြရာ သီရိလင်္ကာ တပ်မတော်(ရေ) တီးဝိုင်းအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်ဆာနှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာ ကိုလံဘိုမြို့ Trans Asia ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

(သတင်းစဉ်)



# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂါရဝပြုတွေ့ဆုံ

နေပြည်တော်  ဩဂုတ်  ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာသည် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ကိုလံဘိုမြို့ Trans Asia ဟိုတယ်သို့ လာရောက်ဂါရဝပြုတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၃၁-၈-၂၀၀၇ (သောကြာနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၅** ၁၁။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၂၈)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်ချိန်" (အပိုင်း-၂၂)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်  ဩဂုတ်  ၃၁**

၂၀၀၇ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၀)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတို ဆရီ ဆာရိဒ် ဟာမစ် ဘင်ဆာရိဒ် ဂျဖာအယ်လ်ဘာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



✻ ရှေ့ဖုံးမှ

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပတ်ခ်ဆာအား ကန္ဒီမြို့ရှိ သမ္မတအိမ်တော် Temple Trees ၌ ဂါရဝပြုတွေ့ဆုံစဉ်။** (သတင်းစဉ်)

## ဂါရဝပြုတွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာအား မွန်းလွဲ ၁ နာရီခွဲတွင် ကန္ဒီမြို့ရှိ သမ္မတ အိမ်တော် Temple Trees သို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး တို့တက်ရောက်ကြပြီး သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာနှင့်အတူ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝပ်ခရမ် မာနာရာကာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ဝန်ကြီးဌာန ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် မြေယာဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ချစ်ကြည်ရေးတိုးတက်

ရှေးဦးစွာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်ခ် ဆာက နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်လျက်ရှိသလို နှစ်နိုင်ငံ တာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန် လည်ပတ်မှုများ ဖြစ်ထွန်းနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ မိမိတက်ရောက်ခဲ့စဉ် မြန်မာနိုင်ငံက လှိုက်လှဲစွာ ဧည့်ဝတ်ပြုခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိ၏ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး လာရောက်ပြီးနောက် နှစ်နိုင်ငံ ပူးတွဲကော်မရှင် ပြန်လည် သက်ဝင်လှုပ်ရှားလာသည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း။

မိမိတို့နိုင်ငံတွင် အကြမ်းဖက်မှုများ အပါအဝင် ပြဿနာအချို့ ရှိသော်လည်း မိမိတို့အချင်းချင်း ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

## ဆက်ဆံမှုတိုးမြှင့်ရေး

ထို့နောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုမိမိ သီရိလင်္ကာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် ကန္ဒီရှိ စွယ်တော်မြတ်လှည့်လည်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်အပြင် နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ နှစ်နိုင်ငံ ဆက်လက်ဆောင်ရွက်ဖွယ်ကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ရေး ရည်ရွယ်ချက်များလည်း ပါရှိပါကြောင်း။

သီရိလင်္ကာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုများ အပါအဝင် ပြည်တွင်းရေး ပြဿနာများ ရင်ဆိုင်ဖြေရှင်းနေရသည်ကို ကိုယ်ချင်းစာ နားလည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း အယူဝါဒရေး၊ လူမျိုးရေးအကြောင်းပြချက်များဖြင့် လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့ပေါင်း (၁၆)ဖွဲ့ ပေါ်ပေါက်ခဲ့ကြောင်း၊ မိမိတို့ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူပြီး နောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အချင်းချင်း ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှအပ ကျန်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့အချင်းချင်း ဖြေရှင်းသည့် နည်းလမ်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ လုံးဝကင်းစင်သွားနိုင် သည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး သီရိလင်္ကာသမ္မတကြီးနှင့် ဇနီးတို့အား မြန်မာနိုင်ငံသို့ အခွင့်အခါသင့်ချိန်တွင် ချစ်ကြည်ရေးခရီး ထပ်မံလာရောက်လည်ပတ်ပါရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့က ဖိတ်ကြားမှာကြားချက်ကို စကားလက်ဆောင် ပါးအပ်ပါကြောင်းဖြင့် ပြောကြားသည်။

## လက်ဆောင်ပေးအပ်

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာတို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေး အပ်ကြသည်။

ထိုသို့ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတနှင့် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့ တွေ့ဆုံနေစဉ်တွင် ခေတ္တဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မဒမ်ရာဂျာပတ်ခ်ဆာအား သီးခြားဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက် သည်။

ခေတ္တဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မဒမ်ရာဂျာပတ်ခ်ဆာတို့သည် ရင်းရင်းနှီးနှီး တွေ့ဆုံကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

(သတင်းစဉ်)

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်ခ်ဆာ၏ ဇနီး မဒမ်ရာဂျာပတ်ခ်ဆာအား တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၃၁-၈-၂၀၀၇ (သောကြာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | နားလည်လေလေ ကြည်ညိုလေ တရားတော် (အပိုင်း-၂) (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်) |
| ၇း၄၅ | ဆန်လုံးကလေးများ |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | Myanmar Video Rhythm |
| ၈း၃၅ | ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ |
| ၈း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၅၅ | Music Talk (ဝင်းဦး) |
| ၉း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ | အဲဒီမှာစတွေ့တာပဲ (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ (အောင်ဘာလေသိန်းဆုခွန်) |
| ၁၀း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ | ကျန်းမာရေးကဏ္ဍ 'အဆိပ်သင့်ရောဂါအမျိုးမျိုး အကြောင်း' (အဆိပ်သင့်ရောဂါကုဌာနမှ ဒေါက်တာမျိုးလွင်ငြိမ်းနှင့် တွေ့ဆုံခြင်း) |
| ၁၀း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (သရုပ်ဆောင် ကျော်ကျော်ဗိုနှင့် တွေ့ဆုံခြင်း) |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | ထူးထူးခြားခြား မိချောင်းငယ်လေး |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၁၂း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ | ဆေးပညာနှင့် ပတ်သက်သော အယူအဆအမှားများ (အပိုင်း-၁) [ဒေါက်တာ အေးကျော် (ဇီဝကမ္မဗေဒ)] |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | Yangon Panorama (ဧည့်လမ်းညွှန်များ၏ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၃၁-၈-၂၀၀၇(သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၁၅ | ၂။ | **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်** |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | တေးသရုပ်ဖော်အစီအစဉ် |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | English for Everyday Use. |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၄း၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၅း၀၀ | ၅။ | နှောင်းခေတ်တေးပဒေသာ |
| ၅း၁၅ | ၆။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား) |
| ၅း၂၅ | ၇။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အဆိုဘာသာရပ် (မဟာဂီတဆွေးနွေးခန်း) |
| ၅း၃၅ | ၈။ | **"ဇင်ဇင်နှင့်ခြင်ကျား" (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)** |
| ၅း၄၅ | ၉။ | နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (ရှာငံကော်ဖီ) |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇း၀၅ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ ချစ်မေတ္တာ" (အပိုင်း-၁၇)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း-၁၂)** |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |





**ဖူးမြော် ကြည်ညို**

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ကန္ဒီမြို့၌ ကျင်းပသော ဗုဒ္ဓစွယ်တော်မြတ် လှည့်လည်ပူဇော် ပွဲတွင် ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။**

(သတင်းစဉ်)

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ကျင်းပသော ဗုဒ္ဓစွယ်တော်မြတ် လှည့်လည်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဩဂုတ် ၂၈ ရက် ည ၈ နာရီခွဲတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့၌ကျင်းပသော ဗုဒ္ဓစွယ်တော်မြတ် လှည့်လည်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။**

အဆိုပါ အခမ်းအနားသို့ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လုပ်ငန်းရှင်များတက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာနှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mahinda Yapa Abeywardena နှင့်ဇနီး၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ကန္ဒီမြို့ရှိ ပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ကန္ဒီမြို့ရှိ စွယ်တော်တိုက် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်အား စွယ်စုံဆင်ရတနာအထက်သို့ ပင့်ဆောင်ကာ သတ်မှတ်လမ်းကြောင်းအတိုင်း စွယ်တော်မြတ်၏ ရှေ့နောက်တို့မှ သီရိလင်္ကာရိုးရာ အဆို၊ အကအဖွဲ့များ၊ သရုပ်ပြအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စွယ်စုံဆင်များ၊ ဆင်ရတနာများ လိုက်ပါခြံရံလျက် ကန္ဒီမြို့အတွင်း လှည့်လည်အပူဇော်ခံသည်။

ထိုသို့လှည့်လည်အပူဇော်ခံစဉ် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ မင်္ဂလာမဏ္ဍပ်နေရာမှ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ သီရိလင်္ကာနိုင်ငံမှ ရဟန်းရှင်လူပြည်သူပြည်သားများ၊ ဧည့်သည်နိုင်ငံခြားသားများသည်လည်း ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဩဂုတ် ၂၇ရက်မှ ၂၉ရက်အထိ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း နှင့်အတူ ဩဂုတ် ၂၇ရက် ညနေ ၅နာရီတွင် ဝန်ကြီးချုပ်ရုံး သီးခြား အစည်းအဝေးခန်း၌ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ စိုက်ပျိုးရေးနှင့် မြေယာဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး Hon. Maithripala Sirisena နှင့် ဆည်မြောင်းနှင့် ရေအသုံးချရေး ဝန်ကြီးဌာန ဝန်ကြီး Hon .Chamal Rajapahsa တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စိုက်ပျိုးရေးနှင့် ဆည်မြောင်း နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊နည်းပညာ ဖလှယ်ရေး၊ နှစ်နိုင်ငံ မျိုးကောင်း မျိုးသန့်များ ဖလှယ်ရေးနှင့် စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

အလားတူ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းသည် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး နှင့်အတူ ဩဂုတ် ၂၇ရက် ညနေ ၅နာရီတွင် သီရိလင်္ကာနိုင်ငံ ကုန်သွယ် ရေးဈေးကွက်ဖွံ့ဖြိုးရေး၊ သမဝါယမနှင့် စားသုံးသူဝန်ဆောင်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီရိလင်္ကာဒီမို ကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေး၊ ဈေးကွက်ဖွံ့ဖြိုးရေး၊ သမဝါယမနှင့်စားသုံးသူ ဝန်ဆောင်မှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗန္ဓုလ ဂုနာဝါဒီနာ၊ အတွင်းဝန် ဒေါက်တာ ရတနာယာကေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနညွှန်ကြား ရေးမှူးချုပ် မစ္စမာနဲလ်ဒီဒီဆေးလ်ဗား တို့နှင့် တွေ့ဆုံကြပြီး မြန်မာ-သီရိ လင်္ကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြ သည်။

အလားတူ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင် မောင်ငြိမ်းနှင့်အတူ ဩဂုတ် ၂၇ရက် ညနေ ၅နာရီတွင်ဝန်ကြီးချုပ်ရုံးသီးခြား အစည်းအဝေးခန်း၌ သီရိလင်္ကာ ဒီမို ကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး Hon. Dullas Alahapperuma၊ အတွင်းဝန် Mr. Nihal Somaweera တို့နှင့်တွေ့ဆုံ၍ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန် မြို့တို့ လေကြောင်းလိုင်း တိုက်ရိုက် ပျံသန်းရေး၊ နှစ်နိုင်ငံ ပင်လယ် ရေကြောင်း ဆက်သွယ်ရေးကိစ္စရပ် များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့အတူ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သည် သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ဒေါက်တာမျိုးမြင့်နှင့်အတူ ဩဂုတ် ၂၇ရက် ညနေ ၆နာရီခွဲတွင် ဝန်ကြီး ချုပ်ရုံး သီးသန့်အစည်းအဝေးခန်း၌ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး Hon. Pandu Bandaranaike နှင့် တွေ့ဆုံ၍ ဗုဒ္ဓစာပေ၊ ပါဠိနှင့် ပိဋကတ်စာပေလေ့လာရေး အတွက် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာရေး တွင် နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မှုဖြင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မား ရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှု

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး Hon. Pandu Bandaranaike တို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ သာသနာရေးဆိုင်ရာကိစ္စများ ဆွေးနွေး ညှိနှိုင်းကြစဉ်။** (သာသနာရေး)



အပြန်အလှန် သင်ကြားလေ့လာရေး ဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွား ရေးကိစ္စရပ်များကို အသေးစိတ် ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

အလားတူ သစ်တောရေးရာဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့်အတူ ဩဂုတ် ၂၇ရက် ညနေ ၅နာရီခွဲတွင် ဝန်ကြီးချုပ်ရုံး သီးသန့်ခန်း၌ သီရိ လင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ဝန်ကြီးဌာန ဝန်ကြီး Hon. Champika Ranawaka နှင့် တွေ့ဆုံ၍ သဘာဝ သစ်တော ထိန်းသိမ်းကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ တောဆင်ရိုင်းများ သဘာဝကာကွယ် ထိန်းသိမ်းခြင်း၊ ဆင်မွေးမြူရေးဆိုင်ရာ နည်းပညာရပ်များ၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ကျွန်းမျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေးဆိုင်ရာများ၊ သစ်တောပညာရပ်ဆိုင်ရာ နည်းပညာ များနှင့် မြန်မာနိုင်ငံမှ သစ်ကုန်ကြမ်း၊ ကုန်ချောဝယ်ယူ ဖြန့်ဖြူးရေးကိစ္စ များနှင့် မြန်မာနိုင်ငံ၌ ကျွန်းနှင့် အခြားသစ်မျိုးစုံကို အပြည်ပြည် ဆိုင်ရာ တင်ဒါနှင့် ချိပ်ပိတ်တင်ဒါ စနစ်များဖြင့် လစဉ်ရောင်းချနေမှုများ ကို သီရိလင်္ကာနိုင်ငံမှ သစ်လုပ်ငန်း ဆိုင်ရာ အဖွဲ့အစည်းများလာရောက် လေ့လာရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြ သည်။

ထို့အပြင် ချစ်ကြည်ရေးခရီးစဉ် တွင် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင် မြန်မာကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များနှင့် သီရိလင်္ကာဒီမို ကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ Chamber of Commerce မှ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များ သည် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂နာရီတွင် သီဟိုကုန်သည်များ အသင်း (Ceylon Chamber of Commerce) ၌ တွေ့ဆုံကြ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေး ခဲ့ကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့ရှိ ဗုဒ္ဓဘာသာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့ ကိုလံဘိုမြို့ Nugegoda ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း အမရပူရနိကာယ မဟာနာယက သီရိလင်္ကာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဩဂုတ် ၂၇ရက်နှင့် ၂၈ရက်တို့တွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့ရှိ ဗုဒ္ဓဘာသာ နာယကဆရာတော်ကြီးများ၊ မြန်မာဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်များအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။**

ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mahinda Yapa Abeywardena နှင့် ဇနီးတို့လိုက်ပါ လျက် ကိုလံဘိုမြို့ရှိ ဗုဒ္ဓဘာသာ နာယက ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ကိုလံဘိုမြို့ Nugegodaရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး အမရပူရနိကာယ မဟာနာယက သီရိလင်္ကာဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီး တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညို၍ ပန်းများဖြင့် ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ခေတ္တနိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသရထံမှ ငါးပါးသီလ ခံယူ ဆောက်တည် ကြသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိသရအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့က ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက် ထားပြီး ဧည့်သည်တော် မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိသရက ခေတ္တ ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဗုဒ္ဓရုပ်ပွား တော်နှင့် ဓမ္မလက်ဆောင်ပစ္စည်းများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရက ဝန်ကြီး ဦးဉာဏ် ဝင်းနှင့် ဇနီးနှင့် ဝန်ကြီးများအား ဓမ္မလက်ဆောင်ပစ္စည်းများကို ချီးမြှင့်ပြီး သံဃာတော်များနှင့်အတူ ဆုတောင်း မေတ္တာပို့ကြသည်။

ထိုမှတစ်ဆင့် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့သည် Wellawatte ရှိ Dharmodaya Pirivena ဘုန်းတော်ကြီးကျောင်းသို့ ညနေ ၅နာရီ ၄၅မိနစ်တွင် ရောက်ရှိ ကြပြီး ကျောင်းရှိ ဗောဓိပင်ညောင်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်အား ပန်းများဖြင့် ဆက်ကပ်လှူဒါန်းဖူးမြော် ကြည်ညိုကြ ပြီးနောက် ရာမညမဟာနိကာရ မဟာ နာယကဆရာတော် Wewaldeniye Medhalankara အား ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်သံဃာတော် များက အန္တရာယ်ကင်း ပရိတ်တရား တော်များကို ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည်။

ယင်းနောက် ခေတ္တ ဝန်ကြီးချုပ် နှင့် ဇနီးတို့သည် ဆရာတော် Wewaldeniye Medhalankara အားပရိက္ခရာရှစ်ပါး၊ သင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၆နာရီ ၁၅မိနစ်တွင် Borrela ရှိ မကုဋာရာမ မြန်မာဘုန်းတော်ကြီး ကျောင်းသို့ရောက်ရှိကြရာ ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်က သာသနာရေး ဆိုင်ရာများနှင့် ပရိယတ္တိစာပေ သင်ယူမှု များနှင့် စပ်လျဉ်း၍ နာယကဆရာတော် များထံ မေးမြန်းလျှောက်ထားသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နဝကမ္မ အလှူငွေများနှင့် ပရိက္ခရာရှစ်ပါး သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော် များက အန္တရာယ်ကင်း ပရိတ်တရား တော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြကာ ဆုတောင်းမေတ္တာ ပေးပို့ကြသည်။

ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် ကြီးသိန်းစိန်နှင့် ဇနီးတို့ခေါင်းဆောင် သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဝင်များသည် ဩဂုတ် ၂၈ရက် ညနေ ၃နာရီ မိနစ် ၄၀တွင် ကန္ဒီမြို့ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက် ၍ ဆရာတော်ဦးအာစိဏ္ဏအား ပရိက္ခရာ ရှစ်ပါး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဦးအာစိဏ္ဏ က ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် ကြီး သိန်းစိန်အား မဟာဗောဓိပင်ပျိုကို ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့်သည်။

(သတင်းစဉ်)



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကန္ဒီမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော် ဦးအာစိဏ္ဏက မဟာဗောဓိပင်ပျိုကို ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့်စဉ်။**

(သတင်းစဉ်)

➪ **စာမျက်နှာ ၉ မှ**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်း လှိုင်နှင့် အဖွဲ့ဝင် မြန်မာကုန်သည်ကြီး များ၊ လုပ်ငန်းရှင်များနှင့် သီဟိုကုန်သည် များအသင်း (Ceylon Chamber of Commerce) ဒုတိယဥက္ကဋ္ဌ Mr. Jayampathi Bandaranayake၊ သီရိ လင်္ကာကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်ရှင်များအသင်းချုပ် (The Federation of Chambers of Commerce & Industry of Sri Lanka) ဥက္ကဋ္ဌ Mr. Nawaz Rajabdeen နှင့် အဖွဲ့ဝင် သီရိလင်္ကာကုန်သည်ကြီးများ နှင့် လုပ်ငန်းရှင်များသည် ဆန်စပါး၊ ပဲနှမ်း၊ သစ်တောထွက်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများ၊ ကျောက်မျက် ရတနာလုပ်ငန်းများ ပူးပေါင်းဆောင် ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ ကြသည်။

အဆိုပါ ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် သီရိလင်္ကာကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr. Nawaz Rajabdeen တို့သည် အသင်းချုပ်နှစ်ခုအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် လုပ်ငန်းရှင်များသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတ နိုင်ငံမှ The Federation of Chambers of Commerce & Industry of Sri Lanka အသင်း၊ သီရိလင်္ကာကုန်သည်များနှင့် လုပ်ငန်း ရှင်အသင်းတို့ တွေ့ဆုံရာတွင် သီရိ လင်္ကာနိုင်ငံမှ လုပ်ငန်းရှင်၅၀ကျော်ခန့် တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံလုပ်ငန်းရှင် များသည် စီးပွားရေး၊ ကုန်သွယ်ရေး လုပ်ငန်းများကို လုပ်ငန်းကဏ္ဍအလိုက် အစုအဖွဲ့များခွဲပြီး တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အောင်စကြာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရား စခန်းပွဲများတွင် ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက် (စက်တင်ဘာ ၂ရက်မှ ၁၁ရက်)အထိ ဦးသုဇာတ(စမ်းချောင်း)၊ တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက် (စက်တင်ဘာ ၁၇ရက်မှ ၂၆ရက်)အထိ ဦးပဏ္ဍိတ (ပိဋကနှစ်ပုံဆောင်) (ခြောက်ထပ်ကြီး ကျောင်းတိုက်)၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်(အောက်တိုဘာ၂ရက်မှ၁၁ရက်) အထိ ဦးဉာဏောဘာသ (သန်လျင်)နှင့် သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက် (အောက်တိုဘာ ၁၇ရက်မှ ၂၆ရက်) အထိ ဦးစန္ဒသိရီနှင့် ဆရာဦးဆန်းတင် (သာကေတမြို့)တို့က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားစခန်း ဝင်လိုသော ယောဂီများနှင့် အရုဏ် ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉ ၅၁၄၇၃၈၂ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ (က-ပ)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက် ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးစိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမှတ်(၁)လျှပ်စစ်စွမ်းအား<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စက်ရုံနှင့်အဆောက်အအုံ<br>ဆောက်လုပ်ရေးလုပ်ငန်း<br>အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်ဇော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

(သတင်းစဉ်)

## ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော "မိသားစု ဝင်များ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံတိုင်းရင်းဆေးပညာသင်တန်း" ဆင်းပွဲကို ဩဂုတ် ၁၆ရက် နံနက် ၈နာရီတွင် ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ က သင်တန်းဆင်းအမှာစကားပြောကြား၍ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အဖွဲ့ဝင် အဆိုပြုလွှာ ၅၂၀၀၊ အနောက်ပိုင်းခရိုင်မှ ၃၂၄၈စောင်၊ တောင်ပိုင်းခရိုင်မှ ၄၈၂၂စောင်၊ မြောက်ပိုင်းခရိုင်မှ အစောင်၂၀၀၀တို့ကို ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများက ပေးအပ်ရာ ဒေါ်မာမာဝေက လက်ခံသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက သင်တန်းပို့ချသော ဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ သင်တန်းသူ များအား ဆေးပင်များ လက်ဆောင်ပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသော မြန်မာ့မီးရထား

သတင်းဆောင်းပါး- မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ- မြန်မာ့မီးရထား

**ရန်ကုန်မြို့မှ နေပြည်တော်သို့ လာရောက်ကြသူများနှင့် ဒေသခံပြည်သူများ၊ နေပြည်တော်မှတစ်ဆင့် ဒေသအသီးသီးသို့ ရထားဖြင့် အလွယ်တကူ စီးနင်းသွားလာနိုင်ကြပြီဖြစ်ရာ ခရီးလမ်းဝေးကွာမှုကိုနီးအောင် ကြိုးစားပေးနေသော မြန်မာ့မီးရထားသည် ပြည်သူတို့ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရန်အပြင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြီးစွာသော အကျိုးကျေးဇူးများပြုလျက်ရှိ။**

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပြီး ပညာရေး၊ လူမှုရေး၊ နယ်မြေအေးချမ်းသာယာရေး တို့အပြင် ဒေသခံပြည်သူတို့၏ လူနေမှုဘဝအရပ်ရပ်ကို ပိုမိုပြည့်စုံစေမည်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှု လွယ်ကူခြင်းကြောင့် တိုင်းရင်းသား အချင်းချင်း ပိုမိုနားလည်ကာ စည်းလုံးညီညွတ်စေမည်ဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထိုသို့ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှု လွယ်ကူစေရန်အတွက် မြန်မာ့မီးရထားက မီးရထား **ပြေးဆွဲပေးခဲ့မှုကြောင့် ဒေသခံပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။**

ထို့အတူ မြန်မာ့မီးရထားသည် အမှတ်(၁၀၉) အဆန်ရထားနှင့် အမှတ်(၁၁၀)အစုန် နေပြည်တော်-ပြည် မီးရထားခရီးစဉ်သစ်ကို ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင်ဖွင့်လှစ် ပြေးဆွဲပေးခဲ့သဖြင့် ပြည်မြို့အနီးဝန်းကျင်မှ ဒေသခံပြည်သူများ နေပြည်တော်သို့ တိုက်ရိုက်မီးရထားဖြင့် ခရီးသွားလာနိုင်ကြသကဲ့သို့ ပုံမှန်ရထား ပြေးဆွဲမှုများကြောင့် သွားလာရေး အဆင်ပြေအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။



**နေပြည်တော်-ပုဂံ အထူးရထား ပြေးဆွဲနေသည်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ- မြန်မာ့မီးရထား)

လမ်းအသစ်များ တိုးချဲ့ဖောက်လုပ်လျက် ရှိသကဲ့သို့ မီးရထား ခရီးစဉ်အသစ်များကို တိုးချဲ့ပြေးဆွဲပေးနေပြီဖြစ်သည်။

မြန်မာ့မီးရထားက မီးရထားခရီးစဉ်အသစ်များ ပြေးဆွဲခဲ့ရာတွင် နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-ပြည်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မြင်းခြံ၊ နေပြည်တော်-မော်လမြိုင်နှင့် မကြာမီ ဖွင့်လှစ်ပြေးဆွဲတော့မည့် ကြီးနီ-ချောက် မီးရထားလမ်း ခရီးစဉ်များအပြင် ရန်ကုန်မြို့ပတ်ရထား ပြေးဆွဲမှု ခရီးစဉ်အသစ်များကိုလည်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရိုးမအနောက်ခြမ်းတွင် နေထိုင်ကြသော ဒေသခံပြည်သူများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူ ချောမွေ့စေရန် အမှတ်(၁၀၇) အဆန်ရထားနှင့် အမှတ် (၁၀၈) အစုန် နေပြည်တော်-ပုဂံ လူစီးရထားကို ၂၀၀၆ ခုနှစ် မေလ ၁၈ ရက်နေ့မှစတင်ကာ ပြေးဆွဲ ပေးခဲ့သည်။**

**ထိုနေ့မှာပင် အမှတ်(၁၀၁) အဆန်နှင့် အမှတ်(၁၀၂) အစုန် နေပြည်တော်-ကျောက်ပန်းတောင်း-နေပြည်တော် စာပို့ရထားကိုလည်း တစ်ပြိုင်နက်တည်း အသွားအပြန် ပြေးဆွဲပေးခဲ့သည်။ ထိုသို့**

**နေပြည်တော်ကို ဗဟိုပြု၍ နိုင်ငံအနှံ့ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ရောင်းဝယ်ဖောက်ကားရာတွင် လျင်မြန်တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် မြန်မာ့မီးရထားသည် အမှတ် ၂၅ အဆန်ရထားနှင့် အမှတ် (၂၆) အစုန်ရထားကို နေပြည်တော်-မန္တလေး ခရီးစဉ်တွင် ၂၀၀၆ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ စတင်ကာ ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့ကြောင့် မန္တလေးမှ နေပြည်တော်၊ နေပြည်တော်မှ မန္တလေးသို့ သီးခြားမီးရထားခရီးစဉ်ဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။**

တစ်ဖန် မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် အမှတ်(၂၇)အဆန် အမြန်ရထားနှင့် အမှတ်(၂၈) အစုန်အမြန်ရထားကို နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ ခရီးစဉ်အဖြစ် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့၌လည်း စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့အတူ ဒိုက်ဦး-မြစ်ကျိုး-စစ်တောင်း မီးရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် နေပြည်တော်-မော်လမြိုင်-နေပြည်တော် လူစီးရထားကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှ စတင်ကာ ပြေးဆွဲပေးနိုင်ခဲ့သည်။

ထိုသို့ ပြေးဆွဲပေးနိုင်ခဲ့မှုကြောင့် မော်လမြိုင်မှ ပြည်သူများ နေပြည်တော်သို့ တိုက်ရိုက်မီးရထားဖြင့် ခရီးသွားလာနိုင်ကြပြီဖြစ်သလို ဒေသခံပြည်သူများလည်း မီးရထားဖြင့် ခရီးသွားနိုင်ခဲ့ကြရာ မီးရထားလမ်းကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် ကူးလူးဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းစေခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် တစ်နိုင်ငံလုံး ဒေသအနှံ့ နယ်စပ်ဒေသများပါမကျန် မီးရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ နေပြည်တော်မှနေ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ နေပြည်တော်-ရွှေညောင်-နေပြည်တော် ရထားလမ်းခရီးစဉ် ပြေးဆွဲနိုင်ရေးအတွက် အရှည် ၁၆ ဒသမ ၁၉ မိုင်ရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို ဖောက်လုပ်လျက်ရှိသည်။

တစ်ဖန် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှည် ၃၂၂ မိုင်ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းသစ်ကို ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ အရှည် ၉၅ မိုင်ရှိသည့် ကသာ-ဗန်းမော် ရထားလမ်းသစ်ကိုလည်း ဖောက်လုပ်ပြီး ရထားများ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသများတွင် မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက် ရန်ကုန်-ရွာသာကြီး အရှေ့ပိုင်းတက္ကသိုလ် ဒဂုံတက္ကသိုလ်၊ လှော်ကားကွန်ပျူတာတက္ကသိုလ် ရထားလမ်းပိုင်းများတွင် ရထား ၁၂ စင်း ပြေးဆွဲပေးလျက်ရှိသည်။

**ရန်ကုန်မြို့မှ နေပြည်တော်သို့ လာရောက်ကြသူများနှင့် ဒေသခံပြည်သူများ၊ နေပြည်တော်မှတစ်ဆင့် ဒေသအသီးသီးသို့ ရထားဖြင့် အလွယ်တကူ စီးနင်းသွားလာနိုင်ကြပြီဖြစ်ရာ ခရီးလမ်း ဝေးကွာမှုကို နီးအောင် ကြိုးစားပေးနေသော မြန်မာ့မီးရထားသည် ပြည်သူတို့ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရန်အပြင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပါ ကြီးစွာသော အကျိုးကျေးဇူးများ ပြုလျက်ရှိ**ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရန်ကုန် မြို့ပတ်ရထား၌ ခရီးသည်များ စီးနင်းလိုက်ပါစဉ်။** (ဓာတ်ပုံ- မြန်မာ့မီးရထား)



## သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံး

**နေပြည်တော် ဩဂုတ် ၃၀**

သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ရက် နံနက် ၁၁နာရီခန့်တွင် ကျောက်ကြီးမြို့နယ် သစ်ချဆိပ် ကျေးရွာနေ ဦးလုံ ၏သား မောင်ဖိုးပိန် အသက်(၂၀)နှစ်သည် အဖော်ဖြစ်သူ ဦးချစ်တင်၊ မောင်စလင်း တို့နှင့်အတူ တောတွင်းသို့ ဝါးခုတ်သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မောင်ဖိုးပိန်၏ ညာဘက်ခြေထောက် ခြေဖမိုးကွဲအက်ပြီး ဘယ်ဘက်ခြေထောက် ခြေသလုံး ပဲ့ထွက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရ လူနာအား သယ်ဆောင်စဉ် ဦးချစ်တင်သည် ရန်သူ့မိုင်းတစ်လုံး ထပ်မံနင်းမိပေါက်ကွဲ၍ ခြေထောက်ပြတ်ဒဏ်ရာရရှိခဲ့ပြီး လူနာနှစ်ဦးအား ဆေးဝါးကုသမှုခံယူ နိုင်ရေးအတွက် ဆက်လက်သယ်ဆောင်စဉ် ဖြစ်စဉ်နေရာများ တစ်ဝိုက်၌ပင် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သန့်-တည်-ပွားအဖွဲ့ ဓမ္မာရုံဖွင့်ပွဲနှင့် တရားစခန်းဖွင့်ပွဲ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် (၅) ရပ်ကွက်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့၏ မြင့်မြတ်အလင်းရိပ်သာ၊ ပရမတ္ထ ဓမ္မာရုံဖွင့်ပွဲနှင့် (၂၄)ကြိမ်မြောက် အဓိဋ္ဌာန် တရားစခန်းဖွင့်ပွဲ အခမ်းအနားများကို စက်တင်ဘာ ၉ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများနှင့် ငါးဆူတောင်သို့ လိုက်ပါလိုသူယောဂီများ ရုံးအဖွဲ့ ဖုန်း ၀၁-၃၈၂၁၁၁ သို့ စက်တင်ဘာ ၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး ရွှေတိဂုံဘုရားအရှေ့ဘက်၊တိပိဋကဓမ္မရက္ခိတဗိမာန်တော် (အမှတ်-၁၅၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်) စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီအရောက် လာရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

## ❒ အမျိုးသားညီလာခံ

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် “ဝ” အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA) အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်း အနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၅၅ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၅၁ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာရာဇပက္ခ... မစ္စတာ ရတနာသီရိဝပ် ခရမ်မာနာရာကာနှင့် ဇနီးတို့ စွယ်တော်တိုက်ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာက ‘အုပ်ချုပ်ရေးအခန်း’ တွင်ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ရုံးတို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို စတင်ဖတ်ကြား တင်ပြသည်။

**(ဒေါက်တာမနန်တူးဂျာ ဖတ်ကြားတင်ပြသည့် ‘အုပ်ချုပ်ရေးအခန်း’ကို စာမျက်နှာ-၃ ၌ ဖော်ပြထားပါသည်။)**

ဆက်လက်၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်) က ‘အုပ်ချုပ်ရေးအခန်း’တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံးနှင့်ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်အုပ်ချုပ်ရေးတို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင် ခေတ္တရပ်နားသည်။

**[ဦးမျိုးသန့် (မောင်ဆုရှင်) ဖတ်ကြားတင်ပြသည့် ‘အုပ်ချုပ်ရေးအခန်း’ကို စာမျက်နှာ-၅ ၌ ဖော်ပြထားပါသည်။]**

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ‘အုပ်ချုပ်ရေးအခန်း’တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဆက်လက်ဖတ်ကြားတင်ပြသည်။

**(ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ‘အုပ်ချုပ်ရေးအခန်း’ကို ဆက်လက်ဖော်ပြသွားပါမည်။)**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီးက ‘တရားစီရင်ရေးအခန်း’တွင် ပါဝင်သော တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

**(ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့်‘တရားစီရင်ရေးအခန်း’ကို ဆက်လက်ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဩဂုတ် ၃၁ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## ❍ ကျောဖုံးမှ

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့်ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် စွယ်တော်တိုက် အထူးခန်းမဆောင်၌ ကျင်းပသည့် ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ မြန်မာနိုင်ငံက လှူဒါန်းသည့် စွယ်စုံဆင်နှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာနှင့် အဖွဲ့ဝင်များ၊ စီယမ်မဟာနိကာယ (Syiam Maha Nikaya)၏ Malwattaနှင့် Asgiriya ဂိုဏ်းများ၏ ပဓာနမဟာနာယက ဆရာတော်များဖြစ်ကြသော ဆရာတော် Thibbatuwawe Sri Siddhartha Sumangala Tharaနှင့် ဆရာတော် Udugama Sri Buddharakketa နှင့် ဆရာတော်၊ သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံက သီရိလင်္ကာနိုင်ငံ စွယ်တော်တိုက်သို့ စွယ်စုံဆင်နှစ်စီး ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စွယ်တော်တိုက်အမတ် Mr. Pradeep Nilanga Dela က မြန်မာနိုင်ငံက လှူဒါန်းသော စွယ်စုံဆင်နှစ်စီးတို့အား ရွှေရည်ငွေရည်များဖြင့် သွန်းလောင်းပေးပြီး ဆင်ဦးစီးများအား ချွန်းများကို ပေးအပ်သည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စွယ်စုံဆင်နှစ်စီးနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာနှင့် စွယ်တော်တိုက်အမတ်တို့ထံ ပေးအပ်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံ စီယမ်မဟာနိကာယ Malwatta ဂိုဏ်းပဓာနနာယကဆရာတော် Thibbatuwawe Sri Siddartha Sumangala Thara ကတရားတော်ကိုဟောကြားချီးမြှင့်ပြီး စွယ်စုံဆင်နှစ်စီး လှူဒါန်းပွဲနှင့်စပ်လျဉ်းသည့် ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် စီယမ်မဟာနိကာယ Asgiriya ဂိုဏ်း ပဓာနနာယက ဆရာတော် Udugama Sri Buddharakketa က ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်လက်ပြီး သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ် ခရမ်မာနာရာကာက စွယ်တော်မြတ်ကျောင်းအတွက် မြန်မာနိုင်ငံက စွယ်စုံဆင်များလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

### သမိုင်းအစဉ်အလာရှိ

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာ နိုင်ငံများဖြစ်သည်နှင့် အညီ ဘာသာရေးနှင့် ယဉ်ကျေးမှုအရ ရင်းနှီးချစ်ကြည်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် သမိုင်းအစဉ်အလာရှိကြောင်း။

ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များအားလုံး အထွတ်အမြတ်ထားသော စွယ်တော်မြတ် လှည့်လည်အပူဇော်ခံရာ၌ ပင့်ဆောင်မည့် စွယ်စုံဆင်နှစ်စီးကို သီရိလင်္ကာနိုင်ငံ၏ တရားဝင်မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံက ပေးအပ်လှူဒါန်းရခြင်းသည် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများကို ပိုမိုတည်တံ့ ခိုင်မြဲစေမည်ဖြစ်ကြောင်း၊ ဤစွယ်စုံဆင်နှစ်စီးသည် ရာစုနှစ်နှင့်ချီ၍ ကြာညောင်းခဲ့ပြီဖြစ်သော နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ဘာသာရေး၊ သာသနာရေး၊ယဉ်ကျေးမှု ပူးပေါင်းဆက်ဆံမှုများ ခိုင်မြဲနေမှု၏ ပြယုဂ်အဖြစ်တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်သည် သီရိလင်္ကာနိုင်ငံ စီယမ်မဟာနိကာယမဟာနာယက ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✻

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ အနုရဓပူရရှေးဟောင်းဒေသသို့ သွားရောက်

နေပြည်တော် ဩဂုတ် ၂၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon .Mahinda Yapa Abeywardena နှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆာမာရာဆီကာရာနှင့်ဇနီးတို့ လိုက်ပါလျက် ဩဂုတ် ၂၉ရက်နံနက်ပိုင်းတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့မှ အနုရဓပူရရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ North Central Province Chief Minister Berty Premalal Dissanayake နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ခေတ္တဝန်ကြီးချုပ်၊ ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသ သီရိမဟာဗောဓိ ဘုန်းတော်ကြီးကျောင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး North Central Province မဟာနာယကဆရာတော် Pallegama Siriniwasa Thera အား ဖူးမြော်ကြည်ညိုကြကာ ပရိက္ခရာရှစ်ပါး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာဗောဓိပင်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေကြာပန်း၊ သပိတ်နှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရှေးဟောင်း ယဉ်ကျေးမှုဒေသရှိ Ruwanweli Maha Seya စေတီတော်အားဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် Ruwanweli Maha Seyaစေတီတော်နာယက ဆရာတော်အားဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် Ruwanweli Maha Seyaစေတီတော်အား ရွှေကြာပန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် ချစ်ကြည်ရေးကိုယ် စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် North Central Province Chief Minister Berty Premalal Dissanayake တို့သည် အနုရဓပူရ ရှေးဟောင်း ယဉ်ကျေးမှုဒေသရှိ ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ရှေးဟောင်း ယဉ်ကျေးမှုဒေသရှိ မြန်မာဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိကာ ပဓာနနာယကဆရာတော် ဦးသုန္ဒရအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံမှ ပင့်ဆောင်လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်စံပယ်သီတင်းသုံးတော်မူရန် ကျောင်းဝင်းအတွင်း တည်ဆောက်မည့် ဂန္ဓကုဋိတိုက်အတွက် မင်္ဂလာအုတ်မြစ်တော်ကို စီပေးသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မြန်မာဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဦးသုန္ဒရအား ပရိက္ခရာရှစ်ပါး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဓာနနာယက ဆရာတော် ဦးသုန္ဒရက ခေတ္တဝန်ကြီးချုပ်နှင့်ဇနီးတို့အား မဟာစေတီပုံစံ ဓာတ်တော်ကြုတ်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓဓာတ်တော်တို့ကို ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့်ပေးအပ်သည်။



**ဆက်ကပ်လှူဒါန်း**

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးတို့ အနုရဓပူရရှေးဟောင်းယဉ်ကျေးမှုဒေသ သီရိမဟာဗောဓိ ဘုန်းတော်ကြီးကျောင်း North Central Provinceမဟာနာယက ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးတို့ အနုရဓပူရရှေးဟောင်းယဉ် ကျေးမှုဒေသရှိမြန်မာဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော်ဦးသုန္ဒရထံ ပရိက္ခရာရှစ်ပါး၊သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ခေတ္တရပ်နား

ထို့နောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် မွန်းတည့် ၁၂နာရီတွင်အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသမှကိုလံဘိုမြို့ ဘန်ဒါရာနိုက်ကေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြပြီး လေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြသည်။

ထိုသို့ ရပ်နားစဉ် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာမာဂါက ချစ်ကြည်ရေးခရီးစဉ် ဓာတ်ပုံမှတ်တမ်း အယ်လ်ဘမ်နှင့်အမှတ်တရလက်ဆောင်တို့ကိုခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့်သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာမာဂါ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး Hon. Mahinda Yapa Abeywardena နှင့် အဆင့်မြင့်အရာရှိကြီးများ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်တို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကိုလံဘိုမြို့မှ Air Baganအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးတို့အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာမာဂါ ကိုလံဘိုမြို့ဘန်ဒါရာနိုက်ကေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ပို့ဆောင် နှုတ်ဆက်စဉ်။** (သတင်းစဉ်)

---

✻ စာမျက်နှာ ၁၂မှ

ထို့နောက် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား စွယ်စုံဆင်နှစ်စီးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာနှင့် စွယ်တော်တိုက်အမတ် Mr. Pradeep Nilanga Dela တို့က ပေးအပ်ကြသည်။

ယင်းနောက် စွယ်တော်တိုက်အမတ် Mr. Pradeep Nilanga Dela က ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဝန်ကြီးများ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့်မြန်မာဆင်ဦးစီးနှစ်ဦးတို့အား အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် စွယ်တော်တိုက်အမတ် Mr. Pradeep Nilanga Dela က မြန်မာနိုင်ငံ၏စွယ်စုံဆင်နှစ်စီးလှူဒါန်းမှုနှင့် စွယ်တော်မြတ်လှည့်လည်ပူဇော်ပွဲသို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့လာရောက် ဖူးမြော်ကြည်ညိုခြင်းတို့ကို ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စွယ်တော်တိုက် ဆွမ်းစားဆောင်၌ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား နေ့ဆွမ်းနှင့်ပန်း၊ သောက်တော်ရေချမ်းများဖြင့်ဆက်ကပ်လှူဒါန်းကြပြီးနောက် နာယက ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Earls Regency ဟိုတယ်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒဂုံမြို့သစ်(မြောက်ပိုင်း)ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၇နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမှတ်(၂၆)ရပ်ကွက်ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များနှင့် သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား ပြင်ပဈေးနှုန်းထက် သက်သာစွာဖြင့် ရောင်းချရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများကို စားသုံးသူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ဈေးရောင်းချသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

# ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံနှင့် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းဖောက်လုပ်မှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယ ဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါလျက် ဩဂုတ် ၂၅ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ရွာထောင်ရှိ ဒီဇယ်စက်ခေါင်းပြင်စက်ရုံသို့ ရောက်ရှိပြီး ရှေးဦးစွာ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်က စက်ခေါင်းများ တည်ဆောက်ထုတ်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်တင်ပြသည်။**

တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ပြုပြင်ရေးစက်ရုံ သို့သွားရောက်၍ စက်ခေါင်းတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် တွင်စက်ရုံ၊ ပန်းပဲနှင့်သံဖြူစက်ရုံ၊ပုံသွင်းပုံစံပြုစက်ရုံတို့ကို လိုက်လံစစ်ဆေးပြီး ဝန်ကြီးက စက်ရုံမှ ဒီဇယ်စက်ခေါင်းများအား သတ်မှတ်လျာထားအရေအတွက်ကို အချိန်မီထုတ်လုပ်နိုင်ရေး၊ ကိုယ်ပိုင်စက်ခေါင်းများ အရည်အသွေးမီစေရေး၊ စက်ခေါင်းအရန်ပစ္စည်းများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်နိုင်ရေးနှင့် စက်ခေါင်းများ စက်ရုံမှထွက်ရှိလာပါက ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့စွာဖြင့် သယ်ဆောင်နိုင်ရေး၊ သယ်ယူစရိတ်သက်သာမှုရှိစေရေးတို့အတွက် လူစီးတွဲနှင့် ကုန်တွဲများ ပိုမိုတိုးချဲ့ပြေးဆွဲသွားမည့်အစီအမံများကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွာဝတီ မြစ်ကူး စစ်ကိုင်းရထားတံတားကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဆေးအသစ်ထပ်မံသုတ်ခြင်း၊ တာပေါင်များကြံ့ခိုင်မှု ဆောင်ရွက်ထားရှိမှုတို့ကိုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် မန္တလေးတိုင်း မြစ်ငယ်ရှိ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားတုံးစက်ရုံသို့သွား၍ ကွန်ကရစ် ဇလီဖားတုံးများ ထုတ်လုပ် ဆောင်ရွက်နေခြင်းနှင့် လုပ်ငန်းခွင်များသို့ ပို့ဆောင်ရန် စုပုံဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြစ်ငယ်ရှိ လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ သွားရောက်စစ်ဆေးရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးကြင်မော်က လူစီးတွဲများတွင် ခရီးသည်များ သက်သောင့်သက်သာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးအတွက် လေအိတ် ဘိုဂီများကိုယ်ပိုင် ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း၊ လူစီးတွဲနှင့် ကုန်တွဲ အကြီးတန်း၊ အလတ်တန်း မွမ်းမံခြင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်၍ တင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး စက်ရုံအတွင်း လိုက်လံစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းပဲရုံသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက လူစီးတွဲနှင့် ကုန်တွဲစက်ရုံမှ ရထားတွဲများအား သတ်မှတ်လျာထားချက်များအတိုင်း အချိန်မီထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေး ပြည့်မီသည့် တွဲများဖြစ်စေရေး၊ ခရီးသည်များ သက်သောင့်သက်သာမှုရှိစေရေးနှင့် မြို့ပတ်ရထားတွဲများတွင် အင်အားဖြည့်တင်းနိုင်ရန်အတွက် အလျင်အမြန် ထုတ်လုပ်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြစ်ငယ်မီးရထားဆေးရုံသို့ သွားရောက်စစ်ဆေးပြီး ဆေးရုံတွင် တက်ရောက် ကုသနေသော လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး ဘူတာယာဒ်ဝင်းအတွင်း လက်မှတ်ရုံများတွင် ခရီးသွားပြည်သူများအား ခရီးသွားလက်မှတ်များ ရောင်းချပေးနေမှုများကို ကြည့်ရှုပြီး ခရီးသွားပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် မြို့ဟောင်းကုန်ရုံယာဒ်ဝင်းသို့ရောက်ရှိပြီး ကုန်စည်များကို သယ်ပို့ရာတွင် ရထားဖြင့်သယ်ယူခြင်းသည် စရိတ်စက အသက်သာဆုံးဖြစ်ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ကုန်များကို များများသယ်၊ မြန်မြန်ပို့ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်တွဲများကိုလည်း လျင်မြန်ထိရောက်စွာဖြင့် အသုံးပြုနိုင်ရေး၊ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စနစ်တကျ ဆောင်ရွက် ရန်တို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ဇလီဖားပေါင်းစက်ရုံ၊ စက်ခေါင်းရုံ၊ တွဲပြင်ရုံသို့ သွားရောက်၍ စက်ခေါင်းနှင့် တွဲများ အရေးပေါ်ပြင်ဆင်ဆောင်ရွက်နေခြင်းကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်သည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းရထားလမ်းဖောက်လုပ်နေခြင်းကို စစ်ဆေးရန် RBE အထူးရထားဖြင့် မန္တလေးမြို့မှ လမ်းတစ်လျှောက်စစ်ဆေးရာ စမုံနှင့်သဲတောအကြားတွင် ရထားသံလမ်းဆက်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းကိုလည်းကောင်း၊ ရွှေဒါးနှင့် အင်ကြင်းကန် အကြားတွင် ပါကင်ရိုက်စက်နှင့် ကျောက်ဖြည့်ကျောက်ညှိပုံဖော်စက်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသော ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ သတ်မှတ် စံချိန်စံညွှန်းအတိုင်း ပြည့်မီစေရေးနှင့် လမ်းနှင့်တံတားများ ဟန်ချက်ညီစွာ ပြီးစီးစေရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

# NLD ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ မိုးညှင်းမြို့နယ်မှ ပါတီဝင်(၂)ဦး နုတ်ထွက်

**ရန်ကုန် ဩဂုတ် ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတင်မောင်နှင့်ဦးဘရှိန်တို့သည် ဩဂုတ် ၂၅ရက်တွင်၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော် မရှင်အဖွဲ့ခွဲသို့ပေးပို့ သောနုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏လုပ်ရပ်များ ကိုစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# ၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **'စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေးဆီသို့'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဇလွန်မြို့နယ်မှ အထက်တန်းပြဆရာ(ငြိမ်း) ဦးကျော်ထွန်း(အဖျောက်မြေ မောင်ဆွေမွန်)က လည်းကောင်း၊ ဒုတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)က လည်းကောင်း၊ တတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာ မဟာသုတေသနတန်းကျောင်းသူ မပြည့်ပြည့်ဖြိုး(ပြည့်ပြည့်ဖြိုး)က လည်းကောင်း ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဘဝသာယာလှပရေး စာတတ်မြောက်ရေး ကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဘီ၊ အီးဒီ ဒုတိယနှစ်ကျောင်းသူ မနန်းမြတ်မွန်ဦးကလည်းကောင်း၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ်မှ ပထမနှစ်-သိပ္ပံ (၁၁/၀၆) ကျောင်းသူ မနန်းညိုလှိုင်ကလည်းကောင်း၊ တတိယဆုကို မိတ္ထီလာ ပညာရေးကောလိပ်မှ ဒုတိယနှစ်-သိပ္ပံ (၁၀/၀၅) ကျောင်းသူ မအေးမို့မို့သော်ကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဘဝသာယာလှပရေး စာတတ်မြောက်ရေးကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မနန်းယုမောင်က လည်းကောင်း၊ ဒုတိယဆုကို လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနန်းထက်ထက်အောင်ကလည်းကောင်း၊ တတိယဆုကို ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆုဇင်ဇင်စိုးကလည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **'ပညာဟူသည်မြတ်ရွှေအိုး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်သူရပိုင်စိုးက လည်းကောင်း၊ ဒုတိယဆုကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်အောင်ပြည့်က လည်းကောင်း၊ တတိယဆုကို တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဆုရတီလင်းကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၅ရက်(ဗုဒ္ဓဟူးနေ့) ညနေနောက်ဆုံးထား၍ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ကန္ဒီမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်အားဖူးမြော်ကြည်ညိုပြီး မြန်မာနိုင်ငံက လှူဒါန်းသော စွယ်စုံဆင်နှစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် သြဂုတ် ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သြဂုတ် ၂၈ရက်နံနက်ပိုင်းတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်အားဖူးမြော်ကြည်ညိုပြီး မြန်မာနိုင်ငံက လှူဒါန်းသော စွယ်စုံဆင်နှစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

ရှေးဦးစွာခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ ရောက်ရှိကြရာ စွယ်တော်တိုက်ဂေါပကအဖွဲ့မှ Mr. Nilanga Dela Bandara Diyawada နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စွယ်တော်တိုက် အမတ် Mr. Pradeep Nilanga Dela နှင့် စွယ်တော်တိုက် ဧည့်ခန်းမ၌ တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာ ရာဇပက္ခ သီရိဝပ်ခရမ်မာနာရာကာနှင့်ဇနီးတို့သည် စွယ်တော်တိုက်ဧည့်ခန်းမသို့ရောက်ရှိလာကြပြီး ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့အား တွေ့ဆုံနှုတ်ဆက်ကြသည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စွယ်တော်တိုက် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓစွယ်တော်မြတ်အား ဝင်ရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်းများဖြင့်ဆက်ကပ် လှူဒါန်းကြသည်။

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❍

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာ ရာဇပက္ခ သီရိဝပ်ခရမ်မာနာရာကာတို့ ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ မြန်မာနိုင်ငံက လှူဒါန်းသည့် စွယ်စုံဆင်နှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)





# အမျိုးသားညီလာခံစုံညီအစည်းအဝေး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ

ရန်ကုန် သြဂုတ် ၁၀

**အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြသည်။**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❐



**အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

## အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ဆက်လက်ဖော်ပြသွားပါမည်

**ရန်ကုန် သြဂုတ် ၁၀**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် 'အုပ်ချုပ်ရေးအခန်း' တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့် 'တရားစီရင်ရေးအခန်း'တွင် ပါဝင်သော တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။